# စိန်ခေါ်မှုများ

မြန်မာနိုင်ငံ၏ စီးပွားရေးသည် သဘာဝ ရင်းမြစ်များနှင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ် များစွာ အားထားသည်။ အခြေခံ အဆောက်အအုံ မလုံလောက်ခြင်း၊ နည်းပညာနည်းပါးခြင်း၊ စီမံအုပ်ချုပ်မှုကဏ္ဍတွင် အကန့်အသတ်ရှိနေခြင်းတို့ကြောင့် ထုတ်လုပ်မှု ကဏ္ဍကို များစွာ အတားအဆီးဖြစ်စေသည်။

ဆင်းရဲနွမ်းပါးမှုနှုန်းများမှာ လူဦးရေ၏ ၂၆% ရှိသည်ဟု ခန့်မှန်းရပါသည်။ လူဦးရေ ၇၀% ရာနှုန်းဖြစ်သော ကျေးလက်နေပြည်သူများတွင် ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂ ဆ မြင့်မားသည်။ လူနည်းစု တိုင်းရင်းသားများရှိရာ ဝေးလံခေါင်ဖျားသော နယ်စပ်ဒေသများ၊ နှင့် ပဋိပက္ခများ ဖြစ်ပွားပြီးကာစ နေရာများမှာ ဆင်းရဲနွမ်းပါးမှု အထူးသဖြင့် မြင့်မားသော နေရာများဖြစ်ကြသည်။

လျှပ်စစ်မီးရရှိသုံးစွဲနိုင်ခြင်းမှာ လူဦးရေ၏ ၂၆ ရာနှုန်းသာရှိပါသည်။ လူထုအတွက် အဓိက စွမ်းအင်ရင်းမြစ်မှာ ထင်းသုံးစွဲမှု ဖြစ်ပါသည်။

ရာသီဥတု ပြောင်းလဲမှုဒဏ်နှင့် နာဂစ်မုန်တိုင်းကဲ့သို့သော ပြင်းထန်သည့် မိုးလေဝသ အခြေအနေများ၏ ဒဏ်ကို ထိခိုက်ခံစားလွယ်သည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူလူထုများ၊ အထူးသဖြင့် အမျိုးသမီး၊ ကလေးနှင့် အခြား ထိခိုက်လွယ်သော လူအုပ်စုများအတွက် ဘေးဒုက္ခကျရောက်နိုင်ခြေ မြင့်တက်စေသည်။ ထိုသို့သော စိန်ခေါ်မှုများအတွက် ဒေသခံများမှာ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသေးပါ။